လုံခြုံရေး နှင့် ကျန်းမာသန့်ရှင်းရေး ကော်မတီ/ ကျန်းမာသန့်ရှင်းရေး ကော်မတီ၏ စာရွက်စာတမ်း : 2020 ခုနှစ်        လ

## အလုပ်ခွင်တွင် ကိုရိုနာ ရောဂါ ကူးစက်မှု ပြန့်ပွါးခြင်းမှ ကာကွယ်ရန်အတွက် စစ်ဆေးရမည့် စာရင်း

1　ဤစစ်ဆေးရမည့် စာရင်းသည် အလုပ်ခွင်တွင် ကိုရိုနာ ရောဂါ ကူးစက်မှု မပြန့်ပွါးစေရန်အတွက် အခြေခံကျသော အစီအမံများ၏ အကောင်အထည်ဖော်မှု အခြေအနေကို အတည်ပြုရန် ရည်ရွယ်သည်။

2 ယင်းတို့ထဲတွင် လုပ်ငန်းအမျိုးအစား၊ အလုပ်ပုံစံ၊ အလုပ်အမျိုးအစား  တို့အပေါ် မူတည်၍ အချို့အချက်များမှာ လုပ်ဆောင်ရန် အခက်အခဲများ ရှိနိုင်သည်။ ထို့ကြောင့် အချက် အားလုံးကို ( လုပ်ဆောင်နေခြင်း) မဟုတ်လည်း စီမံလုပ်ဆောင်နေမှုသည် မလုံလောက်ဟု မဆိုလိုပါ။ လုပ်ငန်းခွင်၏ အခြေအနေမှန်ကို အတည်ပြုရန်နှင့် အားလုံး (အလုပ်ရှင်၊ အလုပ်သမား) မှ ချက်ချင်း လုပ်ဆောင်နိုင်မည့် အရာများကို တိကျသေချာစွာ လုပ်ဆောင်ခြင်းသည် အရေးကြီးသည်။

3　အတည်ပြုထားတဲ့ ရလာဒ်များကို ကျန်းမာသန့်ရှင်းရေး ကော်မတီအစရှိသည်တို့အား အစီရင်ခံပါ။ အစီအမံများတွင် မလုံလောက်သည့် အချက်များရှိပါက စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်စေပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ပါ။ ထို့ပြင် ထိုရလာဒ်များနှင့် ပတ်သက်ပြီး အလုပ်သမားအားလုံးမှ အတည်ပြုနိုင်ရန် ဆောင်ရွက်ပါ။

ကျန်းမာသန့်ရှင်းရေးကော်မတီအား ဖွဲ့စည်းမထားရှိသော အလုပ်ခွင်တွင် အလုပ်ရှင်မှ ကိုယ်တိုင်စစ်ဆေးခြင်း ပြုလုပ်ရန်အတွက် အသုံးပြုပါ။

※　အမြို့မြို့အနယ်နယ်ရှိ အလုပ်သမားရုံး၊ အလုပ်လုပ်ခြင်း စံနှုန်း စစ်ဆေးရေးရုံးသို့ အစီရင်ခံရန် မလိုအပ်ပါ။

| အကြောင်းအရာ | အတည်ပြုရန် |
|---|---|
| 1.　ရောဂါကူးစက်မှုကို ကာကွယ်တားဆီးရန်  လုပ်ဆောင်ပုံ | |
| ･လုပ်ငန်းခွင်၏ အကြီးအကဲသည် ကိုရိုနာရောဂါ ပြန့်ပွါးမှုအား ကာကွယ်ရန် တက်တက်ကြွကြွ လုပ်ဆောင်နေကြောင်း ပြသပြီး၊ အလုပ်သမားများအား ရောဂါကူးစက်ခြင်းမှ ကာကွယ်ခြင်းကို မြှင့်တင်ရန် အရေးကြီးကြောင်း အသိပေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အလုပ်ခွင်တွင် ကူးစက်ရောဂါကို ကာကွယ်ရေးဆောင်ရွက်ရန် တာဝန်ယူရမည့်သူ နှင့် တာဝန်ခံများကို ခန့်အပ်သည်။  (ကျန်းမာသန့်ရှင်းရေး မန်နေဂျာ၊ ကျန်းမာသန့်ရှင်းရေးအား မြှင့်တင်ပေးသူ စသည် ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ကုမ္ပဏီ၏ လုပ်ဆောင်နေမှု၊ စည်းမျဉ်းများအား အလုပ်သမားအားလုံးအား အသိပေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အလုပ်သမားများက ကူးစက်ရောဂါ ကာကွယ်ရေး လုပ်ဆောင်မှုများအား ပြုလုပ်ရန် ညွှန်ကြားပြသပေးရန် စီမံခန့်ခွဲကြီးကြပ်ရေး တာဝန်ခံများအား အသိပညာ ပေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･လုံခြုံရေး နှင့် ကျန်းမာသန့်ရှင်းရေး ကော်မတီ၊ ကျန်းမာသန့်ရှင်းရေး ကော်မတီ စသည် အလုပ်သမားနှင့် အသုံးပြုသူများ စုနေသည့် နေရာတွင် ကိုရိုနာ ကူးစက်ရောဂါ ပြန့်ပွါးမှုကို တားမြစ်ရန် ခေါင်းစဉ်ဖြင့် လုပ်ငန်းခွင်၏ အခြေအနေမှန်နှင့် ကိုက်ညီသော လက်တွေ့လုပ်ဆောင်နိုင်သည့်အစီအမံများကို ဆွေးနွေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အလုပ်ခွင်ပြင်ပတွင်လည်းအလုပ်သမားများအား ကူးစက်ရောဂါမှကာကွယ်ရေး အတွက်လုပ်ဆောင်မှုများပြုလုပ်ရန်ရောဂါကူးစက်မှု တိုးမြှင့်သော "အခန်းကဏ္ဍ၅ ခု" နှင့်  နေထိုင်မှု ပုံစံအသစ်" ၏ လက်တွေ့ကျသော ဥပမာများအကြောင်းကို အလုပ်သမားများအားလုံးကို အသိပေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ ကိုရိုနာရောဂါ ထိတွေ့မှု အတည်ပြု အက်ပလီကေးရှင်း  (COCOA) အား အသိပေးပြီး Install လုပ်ရန် အလုပ်သမားများအား အကြံပြုလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| 2 ရောဂါကူးစက်မှုကို ကာကွယ်ရန် အခြေခံကျသော  လုပ်ဆောင်ပုံ | |
| (1)ရောဂါကူးစက်မှုကို ကာကွယ်ရန် အခြေခံအချက်  (၃)ချက် - (၁) ရုပ်ပိုင်းဆိုင်ရာ အကွာအဝေး  ထားရှိရန်၊  (၂) Mask နှာခေါင်းအကာတပ်ရန်၊  (၃) လက်ဆေးရန် | |
| ･လူတစ်ဦးနှင့် တစ်ဦး အကွာအဝေးအား အတတ်နိုင်ဆုံး  2m (၆ ပေခန့်)   (အနဲဆုံး 1m) (၃ ပေခန့်) ခြားထားစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･စကားပြောသည့်အခါ အတတ်နိုင်ဆုံး မျက်နှာခြင်းဆိုင်ထားခြင်းကို ရှောင်ရှားစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အပြင်ထွက်သည့်အချိန်၊ အဆောက်အဦးအတွင်း ရှိသည့်အချိန်၊ စကားပြောဆိုသည့် အခါများတွင် ရောဂါအခြေအနေ မရှိလည်း   Mask ကို နှာခေါင်းအကာ ဝတ်ဆင်ထားစေသည်။　 ※အကယ်၍ ကိုယ်ပူခြင်းမျိုး ရှိပါက နံပါတ်  6  ကို ဖတ်ရှုစစ်ဆေးပါ။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･လက်ဆေးခြင်းအား စက္ကန့် ၃၀ ကြာ လက်နှင့် ဆပ်ပြာဖြင့် ညင်သာစွာ ပွတ်၍ ဆေးစေသည်။  (လက်နှင့် လက်ချောင်းများ ပိုးသတ်ဆေးကိုလည်း အသုံးပြုနိုင်သည်)။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား (                                        ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

| အကြောင်းအရာ | အတည်ပြုရန် |
| --- | --- |
| (2)အောက်ပါအချက် ၃ချက်အား လုံးဝ ရှောင်ရှားပါရန် | |
| ･အချက် ၃ချက် (လူစုလူဝေး၊ နီးကပ်စွာနေခြင်း၊ အလုံပိတ်ခြင်း ) ကို ရှောင်ရှားရန် လုပ်ဆောင်ချက်များကို အားလုံးအား အသိပေးထားပြီး လုပ်ငန်းခွင် ပြင်ပအပါအဝင် ရှောင်ရှားကြရန် သေချာစွာ လုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ( 3 ) နေ့စဉ် ကျန်းမာရေး စစ်ဆေးမှု | |
| ･အလုပ်မဝင်ခင် ကိုယ်အပူချိန်ကို တိုင်းတာစေရန် အားလုံးကို အသိပေးပြီး သေချာစွာ လုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အလုပ်တက်သည့်အခါ အားလုံး၏ နေ့စဉ် ကျန်းမာရေးအခြေအနေ (ကိုယ်ပူခြင်း၊ ညောင်းညာခြင်း များပါဝင်ရှည့် အအေးမိသည့် လက္ခဏာများ ရှိမရှိ၊ အရသာနှင့် အနံ့ များ ပုံမှန်မဟုတ်သည်များ ရှိမရှိ )ကို စစ်ဆေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ကျန်းမာရေး အခြေအနေမကောင်းပါက ရိုးသားစွာ အသိပေးနိုင်ရန် လွယ်ကူသော ပတ်ဝန်းကျင်ကို ဖန်တီးပြီး၊ ကျန်းမာရေး အခြေအနေ မကောင်းကြောင်း တိုင်တန်းလာပါက အလုပ် မလုပ်ခိုင်းစေရန်၊ ရိုးသားစွာ အသိပေးပြီး အနားယူခြင်းကို နစ်နာမှုရှိစေသော ကိုင်တွယ်မှုများ မလုပ်စေရန် လုပ်ငန်းခွင်အား အတည်ပြု စစ်ဆေးလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ( 4 ) အထွေထွေ ကျန်းမာရေး အာမခံချက် | |
| ･အချိန်ကြာမြင့်စွာ အလုပ်လုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည့် ပင်ပန်းနွမ်းနယ်မှုများ မစုပုံလာစေရန် ဂရုစိုက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အာဟာရလုံလောက်အောင် စားသုံးခြင်း၊ လုံလောက်အောင် အိပ်ခြင်း စသည်များအား အားလုံးကို အသိပေးပြီး သေချာဆောင်ရွက်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| (5)"လူနေမှုပုံစံအသစ်" ၏ လက်တွေ့ဥပမာတွင် ဖော်ပြထားသည့် "အလုပ်လုပ်သည့် ပုံစံအသစ်" အား အကောင်အထည်ဖော် လုပ်ဆောင်ပုံ နှင့်ပတ်သက်၍ | |
| ･"နည်းပညာ ကို အသုံးပြု၍ အလုပ်လုပ်ခြင်း နှင့် အလှည့်ကျ အလုပ်လုပ်ခြင်း " စနစ်များကို အသုံးပြုလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･"အချိန်အနည်းငယ်ခြားသော အလုပ်ချိန်ဖြင့် သက်တောင့်သက်သာ ရှိစေခြင်း " ကို အကောင်အထည်ဖော်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ရုံး၏ လူဦးရေ သိပ်သည်းမှုကို လျှော့ချမည့် "ရုံးကို ကျယ်ကျယ်ဝန်းဝန်းဖြင့် " ကို အကောင်အထည်ဖော်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･"အစည်းအဝေးကို Online ဖြင့်" အကောင်အထည်ဖော်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･"လိပ်စာကတ် လဲလှယ်မှုကို Online ဖြင့်" အကောင်အထည်ဖော်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･"မျက်နှာချင်းဆိုင် အစည်းအဝေးများကို လေဝင်လေထွက်ကောင်းသည့်နေရာနှင့် Mask တပ်ခြင်းဖြင့်" ကို အကောင်အထည်ဖော် လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ( 6 ) ကိုရိုနာရောဂါကူးစက်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များ စုဆောင်းခြင်း | |
| ･နိုင်ငံ၊ ဒေသန္တရအစိုးရ၊ ဂျပန်နိုင်ငံ ခရီးသွားလာရေးဆိုင်ရာ ဆေးဘက်ဆိုင်ရာ အသင်း၊ ဂျပန်လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးအသင်း စသည့် အများပြည်သူအကျိုးစီးပွါးအတွက် ဆောင်ရွက်သော ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာ များမှ နောက်ဆုံးရ သတင်းအချက်အလက်များအား စုဆောင်းလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| 3 ရောဂါကူးစက်မှုကို ကာကွယ်တားဆီးရန် လက်တွေ့ကျသောလုပ်ဆောင်ပုံများ | |
| (1)အခြေခံ လုပ်ဆောင်ပုံများ | |
| ･(၁) လေဝင်လေထွက် မကောင်းသော ပိတ်လှောင်ထားသည့် နေရာ၊ (၂) လူဦးရေ အမြောက်အများ စုဝေးနေခြင်း၊ (၃) နီးကပ်စွာ စကားပြောဆိုခြင်း အသံထွက်ခြင်း စသည့် "သတိပြုရမည့်အချက် ၃ချက် " ကို တစ်ပြိုင်နက်တည်း ဖြစ်စေနိုင်မည့် လုပ်ဆောင်ချက်များကို မပြုလုပ်စေရန် ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အထက်ပါ "သတိပြုရမည့်အချက် ၃ချက် " တစ်ပြိုင်နက်တည်းမဟုတ်လည်း၊ အန္တရာယ်ကို လျှော့ချနိုင်ရန် "သတိပြုရမည့် အချက်များအား လုံးဝမလုပ်ခြင်း သုည " ကို ရည်ရွယ်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

| အကြောင်းအရာ | အတည်ပြုရန် |
|---|---|
| （2） လေဝင်လေထွက် မကောင်းသော အလုံပိတ်နေရာများအား ကောင်းမွန်အောင်လုပ်ခြင်း | |
| ･အလုပ်ခွင်ရှိရာ အဆောက်အဦးသည် စက်ဖြင့်လေဝင်လေထွက်စေခြင်း (လေအေးပေးစက် (သို့) လေဝင်လေထွက်စက် တပ်ဆင်ထားခြင်း) ဖြစ်ပါက အဆောက်အဦးသန့်ရှင်းရေး ဥပဒေ၏ လေထုပတ်ဝန်းကျင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေသည်။<br>(သို့သော်အပူချိန်ကို၁၈ဒီဂရီစင်တီဂရိတ်ထိထိန်းသိမ်းပါ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ရုံးအဆောက်အဦး၏ ပြတင်းပေါက်ဖွင့်လိုက်သောအခါ ဆောင်းရာသီတွင် "လေဝင်လေထွက် မကောင်းသော အလုံပိတ်နေရာများ"ကိုလက်ကမ်းစာစောင်တွင် အကြံပြုထားသည့် လေဖလှယ်သည့် နည်းစနစ်များ ဖြင့် အခန်း၏ အပူချိန် ၁၈ ℃အထက်နှင့် စိုထိုင်းဆကို ၄၀% သို့မဟုတ်ထိုထက်ပို၍ မြင့်အောင်ထိန်းသိမ်းပါ။<br>တစ်ချိန်တည်းမှာပင်သင့်တော်သောလေဝင်လေထွက်အတွက်ပြတင်းပေါက်များကိုဖွင့်ထားပါ (HEPA filter နှင့်အတူလေသန့်စင်စက်ကိုသင့်တော်စွာအသုံးပြုခြင်းအပါအဝင်)။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ရထားအစရှိသည့်အများပြည်သူသယ်ယူပို့ဆောင်ရေးယာဥ်များကို အသုံးပြုနေစဉ် ပြတင်းပေါက်ဖွင့်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ရန်အားလုံးအား အသိပေးထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား（　　　　　　　　　　　　　　　） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| （3） လူအများ စုဝေးသည့်နေရာများကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း | |
| ･ လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ တတ်နိုင်သလောက် ရုံးတက်ခြင်းကို ထိန်းချုပ်ခြင်းအား ကြိုးစားဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ရထား၊ ဘတ်စ်ကားများတွင် တစ်ခြားသူနှင့် ပူးကပ်ခြင်းအား ရှောင်ရှားရန် အချိန်အနည်းငယ်ခြားသော အလုပ်ချိန်၊ စက်ဘီးဖြင့် ရုံးတက်ခြင်း၊ ကိုယ်ပိုင်ကားဖြင့်ရုံးတက်ခြင်း စသည်များကို လုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ဗီဒီယို၊ Web များဖြင့် အစည်းအဝေး လုပ်ဆောင်ခြင်းဖြင့် လူများစုဝေးသည့် အစည်းအဝေးများကို အတတ်နိုင်ဆုံး ရှောင်ရှားစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･မျက်နှာချင်းဆိုင် အစည်းအဝေးများ ကျင်းပသည့်အခါတွင် အခြေခံအားဖြင့် Mask နှာခေါင်းအကာ တပ်ခြင်း၊ လူတစ်ဦးနှင့် တစ်ဦး အကွာအဝေးအား တတ်နိုင်ရင် 2m (၆ ပေခန့်) (အနဲဆုံး 1m) (၃ ပေခန့်) ခြားစေပြီး၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်ခြင်းကို ရှောင်ရှားစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ဧည့်သည်နှင့် ဆက်ဆံရသည့် အလုပ်များတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မျက်နှာချင်းဆိုင်ခြင်းအား ရှောင်ရှား၍ မရပါက အလုပ်သမားများအား Mask တပ်စေပြီး တစ်ဦးနှင့် တစ်ဦးကြားတွင် အကြည်ရောင်ဖိုက်ဘာပြား၊ မီးမလောင်နိုင်သော ထွင်းဖောက်မြင်ရသော ကန့်လန့်ကာများဖြင့် ကာစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အလုပ်ခွင်ပြင်ပ (ဘတ်စ်ကားစီးချိန်စသည်) တွင်လည်း Mask နှာခေါင်းအကာ တပ်ခြင်း၊ လေဝင်လေထွက်ကောင်းစေခြင်း၊ တစ်ဦးနှင့် တစ်ဦး အကွာအဝေးထားခြင်း စသည်၊ သတိထားရန်အချက် ၃ချက်ကို ရှောင်ရှားရန် ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･အခြား（　　　　　　　　　　　　　　　） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| （4） ထိတွေ့မှုဖြင့် ကူးစက်ခြင်းမှ ကာကွယ်ခြင်း | |
| ･အရာများ၊ ပစ္စည်းကိရိယာများ (ဥပမာဖုန်း၊ ကွန်ပျူတာ၊စားပွဲစသည်)နှင့် ကိရိယာတန်ဆာပလာများအား လူအများဖြင့် အသုံးပြုခြင်းကို တတ်နိုင်သလောက် ရှောင်ရှားစေသည်။ အသုံးပြုရမည့်အခါတွင် အသုံးမပြုမီနှင့် အသုံးပြုပြီးချိန်တွင် လက်ဆေးခြင်း၊ လက်နှင့် လက်ချောင်းများအား ပိုးသတ်ခြင်းကို သေချာစွာ ဆောင်ရွက်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ထိုင်သည့်နေရာကို လွတ်လပ်စွာ ရွေးချယ်ထိုင်နိုင်သည့် စနစ်ကိုသုံးသည့် ရုံးခန်းများတွင် အသုံးမပြုခင် နှင့် အသုံးပြုပြီးနောက် ပိုးသတ်ဆေးဖြင့် ထိုင်ခုံနေရာကိုသန့်စင်ရန်၊ ထိုင်ခုံများကြားကို သေချာနေရာခြားထားရန်၊ အသုံးပြုမှုများအား မှတ်တမ်းတင်ခြင်းတို့အား ပြုလုပ်နေပါသည်။ | |
| ･အလုပ်ခွင်အတွင်းတွင် အလုပ်သမား အများထိတွေ့မှုရှိသော ပစ္စည်းများ၊ စက်ပစ္စည်းနှင့် တန်ဆာပလာများအား မကြာခဏ အရက်ပြန် (ပါဝင်မှုပမာဏ ၆၀% သို့မဟုတ်ထိုထက်ပို)၊ ဆာဖာကန် သို့မဟုတ်ဆိုဒီယမ်ဟိုက်ပိုလိုလစ်၏ ၀.၀၅% ရေအရောဖြင့် ဆေးကြောခြင်း၊ ပိုးသတ်ခြင်းကို ဆောင်ရွက်စေသည်။<br>※လူအများရှိသည့် ပတ်ဝန်းကျင်တွင် ပိုးသတ်ခြင်းနှင့် ပိုးကောင်များသေစေသည့် ပစ္စည်းများအား ဖြန်းခြင်းသည် မျက်စိနှင့် အရေပြားအပေါ် ရောက်ရှိခြင်း၊ ရှူရှိုက်မိခြင်းမှ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ရှိနိုင်သည့်အတွက် အားမပေးပါ။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ･ အခြား（　　　　　　　　　　　　　　　　　　） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

| အကြောင်းအရာ | အတည်ပြုရန် |
|---|---|
| (5) နီးကပ်သော အကွာအဝေးမှ စကားပြောဆိုခြင်း၊ အသံထွက်ခြင်းတို့ကို ထိန်းချုပ်ခြင်း | |
| ・လုပ်ငန်းခွင်တွင် (လုပ်ဖော်ကိုင်ဖက် အပါအဝင်) အခြားသူနှင့် ပြောဆိုသည့်အခါ ကျယ်လောင်စွာ မပြောဘဲ တတ်နိုင်သမျှ အကွာအဝေးတစ်ခု ထားရှိစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ပြင်ပလူများ၊ ဧည့်သည်များ၊ စီးပွါးရေးလုပ်ဖော်ကိုင်ဖက်များနှင့် မျက်နှာချင်းဆိုင် ထိတွေ့မှု ၊ အနီးကပ်အကွာအဝေးမှ ပြောဆိုမှုကို အတတ်နိုင်ဆုံး ရှောင်ရှားစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・မဖြစ်မနေ MASK နှာခေါင်းကာ မပါပဲ 1m (၃ ပေ ခန့်) အကွာမှ  ပြောရပါက ၁၅မိနစ်အတွင်းသာ ပြောစေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ဖုန်နှင့် ဓာတုပစ္စည်းများစသည့် အကာအကွယ်အဖြစ် အသက်ရှူရန်  Mask နှာခေါင်းကာတပ်ရန် လိုအပ်သော အလုပ်များအတွက် အသံဖြင့် ဆက်သွယ်သည့်အခါ Mask ကို မဖယ်ရှားရန် အသိပေးလျက်ရှိသည်။ အသံချဲ့စက် အသုံးပြုခြင်း  (သို့) အသံထုတ်လွှင့်သည့် ဘုတ်ပြားပါသည့် Mask များအား အသုံးပြုစေလိုသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား （ ） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| （６） ဘုံအသုံးပြုသော အိမ်သာများ သန့်ရှင်းရေး | |
| ・လူမျိုးစုံ ထိတွေ့မှုရှိသောနေရာများတွင်သန့်ရှင်းအောင်ပြုလုပ်ခြင်း ပိုးသတ်စေခြင်းများကို ဆောင်ရွက်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အိမ်သာ၏ ကြမ်းပြင်နှင့် နံရံများတွင် ဆိုဒီယမ် ဟိုက်ပိုကလိုရစ် ၀ .၁% ရေရော ဖြင့် လက်အိတ်အသုံးပြုပြီး  သန့်စင်ပိုးသတ်သည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အိမ်သာအဖုံးကို ပိတ်ပြီး အညစ်အကြေးများကို စီးဆင်းစေရန် ဖော်ပြသည်။  (အိမ်သာခွက်အတွင်းသည် ပုံမှန် သန့်ရှင်းမှုဖြင့် လုံလောက်သည် ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・စက္ကူ လက်သုတ်ပုဝါများ တပ်ဆင်ခြင်း  (သို့) တစ်ဦးချင်းစီအတွက် လက်သုတ်ပုဝါးများ ပြင်ဆင်ပေးခြင်း | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・လက်လေမှုတ်စက်များ၊  အများသုံးလက်သုတ်ပုဝါများ အသုံးပြုခြင်းကို တားမြစ်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား（ ） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| (7) နားနေရန် နေရာစသည်တို့ကို အသုံးပြုခြင်းအကြောင်း | |
| ・တစ်ကြိမ်တည်းတွင် အနားယူသည့်လူဦးရေကို လျှော့ချပြီး မျက်နှာချင်းဆိုင် စားသောက်ခြင်း၊အချိန်ရှည်ပြောဆိုခြင်းများကို ရှောင်ကြဉ်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ အနားယူသည့်နေရာသည် ပုံမှန်အားဖြင့် လေဝင်လေထွက်ကောင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အနားယူသည့် နေရာတွင် အတူတကွ အသုံးပြုသော ပစ္စည်းများ  ( စားပွဲ၊ ထိုင်ခုံ၊ အလိုအလျောက် အရောင်းစက်၏ ခလုတ် စသည် ) အား ပုံမှန် ပိုးသတ်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အနားယူသည့်နေရာ၏ အဝင်အထွက် ရှေ့နောက်နေရာများတွင် လက်ဆေးခြင်း၊ လက်နှင့် လက်ချောင်းများအား ပိုးသတ်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ဝန်ထမ်း စားသောက်ဆိုင်များတွင် ကူးစက်မှုအား ကာကွယ်ရန် ထိုင်ခုံများအား လျှော့ချခြင်း၊ ထိုင်သည့် နေရာများအား အကန့်အသတ်လုပ်ခြင်း၊ Mask ချွတ်၍ ရယ်မောပြောဆိုခြင်းကို ရှောင်ရှားရန် သတိပေးခြင်း၊ နေ့လည်အနားယူချိန်ကို ခြားပေးခြင်း စသည် တီထွင်ကြံဆလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ဝန်ထမ်း စားသောက်ဆိုင်များတွင် ကူးစက်မှုအား ကာကွယ်ရန် ညှပ်များ၊ ရေနွေးအိုးများ အတူသုံးခြင်းကို ရှောင်ရှားလျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ဆေးလိပ်သောက်သည့်နေရာတွင် တပြိုင်နက်တည်း အသုံးပြုသည့် လူအရေအတွက်အား ကန့်သတ်ခြင်း၊ လက်နှင့် လက်ချောင်းများ ပိုးသတ်ပြီး လုံးဝခြောက်သွားသည့်အခါမှ ဆေးလိပ်သောက်ရန် ညွှန်ကြားခြင်း၊ စကားမပြောဘဲ သောက်ပြီးသည်နှင့် လျှင်မြန်စွာ ထွက်ခွါခြင်းအား အသုံးပြုသူများအား အသိပေးပြီး သေချာစွာ လုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား အများအသုံးပြုသောနေရာများတွင် လူစုလူဝေး၊ နီးကပ်ခြင်း၊ အလုံပိတ် မဖြစ်အောင် အသုံးပြုနည်းကို ဆန်းစစ်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား（ ） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| （８） အမှိုက်စွန့်ပစ်ခြင်းနှင့် ပတ်သက်၍ | |
| ・နှာရည်ယိုခြင်း၊ တံတွေး စသည်များ ကပ်ငြိနေသည့် အမှိုက်  (သောက်သုံးပြီး စက္ကူခွက်၊ ပုလင်း၊ သံဘူး၊ ရေသန့်ဘူး အပါအဝင် ) များကို ကြွပ်ကြွပ်အိတ်ဖြင့်ထည့်၍ စွန့်ပစ်ခြင်းကိုပြုလုပ်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အမှိုက်များကို ကောက်ယူစုဆောင်းသူသည်  Mask၊ လက်အိတ်၊ မျက်မှန် အကာအကွယ်များကို ဝတ်ဆင်၍ လုပ်ငန်းပြီးသည့်အခါ သေချာစွာ ဆပ်ပြာဖြင့် လက်ကိုဆေးကြောခြင်းကို ပြုလုပ်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား（ ） | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

| အကြောင်းအရာ | အတည်ပြုရန် |
|---|---|
| 4 ဂရုစိုက်ရန် လိုအပ်သော အလုပ်သမားများအား ဆောင်ရွက်ပေးခြင်း စသည် | |
| ・အအေးမိရောဂါလက္ခဏာများရှိလျှင် "ရုံးမတက်ရန်/မတက်စေရန်"နှင့်ဆရာဝန်အစရှိသည့်အနီးအနားရှိဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် တယ်လီဖုန်းဖြင့်တိုင်ပင်ခြင်းကိုလုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・သက်ကြီးရွယ်အိုများနှင့် အခြေခံလူနာများ (ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ၊နာတာရှည် ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာ စသည် ) ရှိသူများ၏ ပိုမိုပြင်းထန်စေသည့် အန္တရာယ်ဖြစ်စေသည့် အလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်များအား ကာယကံရှင်များ၏ တောင်းဆိုမှုနှင့် ဆရာဝန်များ၏ ထင်မြင်ချက်များအရ (နည်းပညာများကို အသုံးပြု၍ အလုပ်လုပ်စေခြင်း နှင့် ပြောင်းလွယ်သော အလုပ်ချိန်ဖြင့် ရုံးတက်စေခြင်း ) စသည်များကို ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများသည် ဆရာဝန် သို့ သားဖွားဆရာမများ၏ လမ်းညွှန်မှုများအရ "မိခင်ကျန်းမာရေးဆက်သွယ်မှု ကတ်ပြား" စသည် ဖြင့် တောင်းဆိုလာပါက၊ လုပ်ငန်းခွင် ဆရာဝန်၏ အကြံဉာဏ်များအား ထည့်သွင်းစဉ်းစားပြီး၊ အလုပ်များအားကန့်သတ်ချင်း (သို့) ရုံးတက်ခြင်းကို ကန့်သတ်ခြင်း (အိမ်မှ အလုပ်လုပ်စေခြင်း (သို့) အလုပ်နားစေခြင်းကို ဆိုလိုသည်။) တို့ကို ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ နည်းပညာဖြင့် အလုပ်လုပ်စေသောအခါ၊ အလုပ်နှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ခွဲခြားရန် သိရှိထားရမည်ဖြစ်ပြီး အထက်လူကြီး နှင့် လုပ်ဖော်ကိုင်ဖက်များအား ဆက်သွယ်ရေး နည်းစနစ်ကို ဆန်းစစ်ပြီး၊ အိမ်မှ အလုပ်လုပ်ခြင်း၏ ဝိသေသလက္ခဏာကိုနားလည်ပြီးသည့်အခါ ကိုယ်လက်လှုပ်ရှားမှု မလုံလောက်ခြင်း၊ အိပ်ချိန်စည်းချက် မမှန်ခြင်းနှင့် စိတ်ကျန်းမာရေး ပြဿနာများ သိသိသာသာဖြစ်လာဖွယ်ရှိခြင်း စသည်တို့ကို သိထားစေပြီး အလုပ်လုပ်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| 5 ကိုရိုနာရောဂါပိုး ကူးစက်သူများ နှင့် အနီးကပ်ထိတွေ့ထားသူများ (အောက်တွင်"ကူးစက်သူများစသည်" ) ပေါ်ထွက်လာသည့်အခါ ဆောင်ရွက်ရန် | |
| (1)ကူးစက်သူအား အကျိုးယုတ်စေမည့် ကိုင်တွယ်မှုများ၊ ခွဲခြားဆက်ဆံမှုများကို တားမြစ်ခြင်းအား ရှင်းရှင်းလင်းလင်း ညွှန်ကြားထားရှိခြင်း | |
| ・ကိုရိုနာပိုးကူးစက်သူဟု အတည်ပြုပြီးပါကလည်း အလုပ်ထုတ်ခြင်း နှင့် အခြားသော အကျိုးယုတ်စေမည့် ကိုင်တွယ်မှုများကို မလုပ်ဆောင်ရန်နှင့် ခွဲခြားဆက်ဆံမှုများကို တားမြစ်ထားခြင်းကို အားလုံးအား အသိပေးထားပြီး သေချာ လုပ်ဆောင်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ( 2 ) ရောဂါပိုးကူးစက်သူ ပေါ်ထွက်လာသည့်အခါ ဆောင်ရွက်ရန် | |
| ・ကိုရိုနာရောဂါပိုး ကူးစက်သူဟု အတည်ပြုပြီးပါက လျင်မြန်စွာ လုပ်ငန်းခွင်အား ဖုန်း၊ Email စသည်ဖြင့် အကြောင်းကြားရန် အားလုံးအား အသိပေးထားပြီး သေချာစွာ ဆောင်ရွက်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ကိုရိုနားပိုး ကူးစက်ထားသည်ဟု အတည်ပြုပြီးသော တတိယမြောက်လူနှင့် အနီးကပ် ထိတွေ့ထားခြင်းရှိပြီး ကျန်းမာရေးဌာနမှ အိမ်မှာနေရန် တောင်းဆိုထားခြင်းခံရပါက လျင်မြန်စွာ လုပ်ငန်းခွင်အား ဖုန်း၊ Email စသည်ဖြင့် အကြောင်းကြားရန် အားလုံးအား အသိပေးထားပြီး သေချာ ဆောင်ရွက်စေသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ကိုရိုနာရောဂါပိုးကူးစက်ထားသည်ဟု သတင်းပို့မှုအား လက်ခံသည့် လုပ်ငန်းခွင်တွင်းရှိဌာန (တာဝန်ခံ)ကို သတ်မှတ်ပြီး၊ အားလုံးကို အသိပေးထားသည်။ ထို့အပြင် ထိုကဲ့သို့သော သတင်းအချက်အလက်များကို ကိုင်တွယ်သည့် ဌာန (တာဝန်ခံ)၏ စီမံမှု အတိုင်းအတာနှင့် ကိုယ်ရေးကိုယ်တာကိစ္စများအား ထိန်းသိမ်းစောင့်ရှောက်မှု စည်းမျဉ်းစည်းကမ်းများအား သတ်မှတ်ပြီး အားလုံးကို အသိပေးထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ကိုရိုနာရောဂါပိုး ရှိသူနှင့် နီးကပ်စွာ ထိတွေ့ထားသူသည် အလုပ်ခွင်အတွင်းရှိပါက မည်သို့ ဆောင်ရွက်ရမည်ကို စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြီး အားလုံးအား အသိပေးထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အလုပ်ခွင့်တွင် ပိုးသတ်ရန် လိုအပ်သည့် အခါမျိုးမှာ ဆောင်ရွက်ရန် ကြိုတင်၍ ဆန်းစစ်မှုများ လုပ်ထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ( 3 ) အခြား ဆောင်ရွက်ရန် | |
| ・ပိုးရှိသူနှင့် နီးကပ်စွာ ထိကပ်ထားသူများအား ဆောင်ရွက်ရန်စသည့် လိုအပ်သော ဆွေးနွေးတိုင်ပင်မှုများကို လက်ခံသည့် "ကျန်းမာရေးဌာန" "အမိနိုင်ငံပြန်လာသူများ၊ ထိတွေ့မှုရှိသူများ တိုင်ပင်ဆွေးနွေးရန် စင်တာ " စသည်ကို အတည်ပြုထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ လုပ်ငန်းခွင်ရှိ ကျန်းမာရေး/ အာမခံ အဆောက်အအုံများတွင် ရုပ်ပိုင်းဆိုင်ရာ အခြေအနေ မကောင်းသူများကို လက်ခံသည့်အခါ အလုပ်ခွင်အတွင်း ကူးစက်ပျံ့နှံ့မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း သတိပြုပြီး ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများသည် ပုံမှန် ကြိုတင်ကာကွယ်မှုများအတိုင်းလိုက်နာပြီး သင့်တော်သော ရောဂါကူးစက်မှုများအား ကာကွယ်သည့် စနစ် (လူနာအား Mask တပ်စေခြင်း၊ စောင့်ဆိုင်းသည့်နေရာနှင့် ရွေ့လျားသည့်နေရာများကို ခွဲခြားခြင်း၊ လူနာအား အကွာအဝေးတစ်ခုထားရန် ဆောင်ရွက်ခြင်း ) ကို ဆောင်ရွက်လျက်ရှိသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အခြား ( ) | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

| အကြောင်းအရာ | အတည်ပြုရန် |
| --- | --- |
| 6 အဖျားရှိခြင်းကို ကာကွယ်ခြင်း (※ပူပြင်းသောနေရာတွင်အလုပ်လုပ်ခြင်းကြောင့်အဖျားရှိသည့် အန္တရာယ်ရှိနိုင်ပါက အတည်ပြုပါ။ ) | |
| ・ခန္ဓာကိုယ်မှ အပူထွက်ရှိမှုကို တတ်နိုင်သမျှ ထိန်းချုပ်ရန် အလုပ်၏ ရုပ်ပိုင်းဆိုင်ရာ ဝန်များကို လျှော့ချခြင်းနှင့်အတူ အားလပ်ချိန်များစွာယူရန် အရေးကြီးကြောင်း အသိပေးထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・ရေမဆာလည်း အလုပ်သမားများအား ရေဓာတ်၊ ဆားဓာတ်ကို ဖြည့်ရန် အသိပေးပြီး သေချာအောင် ဆောင်ရွက်လျက်ရှိသည်။<br>※Mask ဖြင့် ပါးစပ်အား ဖုံးထားခြင်းကြောင့် ရေဆာသည့်စိတ်ခံစားမှုကို နဲစေနိုင်သည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |
| ・အဆောက်အအုံအပြင်ဘက်တွင် လုံလောက်သော အကွာအဝေး အနဲဆုံး 2m (၆ပေခန့်) အထက် ထားရှိပြီး ကျယ်လောင်သည့် အသံထွက်ရန် မလိုသည့်အခါ Mask ကို ချွတ်ရန် အသိပေးထားသည်။ | လုပ်ဆောင်သည် / မလုပ်ဆောင်ပါ |

※ မရှင်းလင်းသည့် အချက်များရှိပါက အနီးအနားရှိ အလုပ်သမားဌာန (သို့မဟုတ်) အလုပ်သမား စံချိန်စံနှုန်း စစ်ဆေးရေးရုံး၏ လုံခြုံရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုဌာနကို ဆက်သွယ်ပါ။

၂၀၂၀ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ ထုတ်ဝေ